SEI Stockholm Environment Institute

# မြန်မာနိုင်ငံ အထက်ချင်းတွင်း မြစ်ဝှမ်းဒေသ တဝိုက်တွင် နေထိုင်ကျက်စားကြသော ဇီဝ မျိုးစုံမျိုးကွဲများကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ခြင်း

## ရပ်ရွာလူထုအခြေပြု ဘက်စုံစီမံခန့်ခွဲမှု



SEI fact sheet

November 2021

Authors:

Rajesh Daniel

Janejira Chuthong

May Thazin Aung

Than Htway

Dhyey Bhatpuria

အထက်ပါပုံ - ချင်းတွင်းမြစ်ဝှမ်းဒေသရှိ မျိုးသုန်းပျောက်ကွယ်ရန် အန္တရာယ်ရှိနေသည့် မြန်မာ့တိုက်လိပ် (*Batagur trivittata*)။ မြန်မာ့တိုက်လိပ်သည် မြန်မာနိုင်ငံ၏ ရေချိုလိပ်မျိုးစိတ် (၂၇) မျိုးအနက် တစ်မျိုး အပါအဝင်လည်း ဖြစ်ပါသည်။

**စီမံကိန်းကာလ** - (၂၀၂၀) ခုနှစ်၊ အောက်တိုဘာလ မှ (၂၀၂၃) ခုနှစ် စက်တင်ဘာလအထိ

**အထောက်အပံ့ပေးသည့် အဖွဲ့အစည်း** - ဗြိတိန်နိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စားနပ်ရိက္ခာ နှင့် ကျေးလက် ဒေသဖွံ့ဖြိုးရေး ဦးစီးဌာန(Darwin Initiative)

**စီမံကိန်းအကြောင်းအရာအကျဉ်း** - ဤစီမံကိန်းတွင် အဓိကအရေးပါသော ဇီဝမျိုးစုံမျိုးကွဲများ တည်ရှိနယ်မြေများ (KBAs)ကို ထိန်းသိမ်းကာကွယ်ရေး၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများနှင့် ရေရှည်တည်တံ့သော အသက်မွေး ဝမ်းကျောင်းလုပ်ငန်းများ ဖြစ်ပေါ်ရေးတို့အတွက် ချင်းတွင်းမြစ်ဝှမ်း အထက်ပိုင်း ဒေသရှိ ကုန်းမြေထုနှင့် ရေထု စီမံခန့်ခွဲမှု အလေ့အကျင့်ကောင်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်း စောင့်ရှောက်ရေး နှင့် ဂေဟစနစ်ဝန်ဆောင်မှုဆိုင်ရာ အကဲဖြတ်မှု များသည် ရေရှည်တည်တံ့သော စိုက်ပျိုးရေးနည်းလမ်းများ၊ ကုန်းမြေထုနှင့် ရေထု ပိုမို ကောင်းမွန်လာစေရေး ဘက်စုံ စီမံခန့်ခွဲမှု အလေ့အကျင့်ကောင်းများ ဖြစ်ထွန်းလာစေရန် ဒေသတွင်းသက်ဆိုင်သူများအား ရပ်ရွာလူထုအခြေပြု ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအစီအစဉ်များ (CAPs) ကို ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။ ကာကွယ် ထိန်းသိမ်းရေးနှင့် ပြန်လည်ထူထောင်ရေးဇုံများ၊ ရပ်ရွာလူထုမှ သဘာဝအရင်းအမြစ်များကို စီမံခန့်ခွဲနိုင်ရေး အားပေးဆောင်ရွက်မှုများနှင့် အရှိန်အဟုန်မြင့် တိုးတက်ပြောင်းလဲလာမှုများ ဖြစ်ပေါ်လာစေရေး ဆောင်ရွက် ပေးသွားမည် ဖြစ်ပါသည်။

ဤသုတေသနစီမံကိန်းလေ့လာမှုတွင် Stockholm Environment Institute (SEI)မှ ဦးဆောင်ပြီး ပူးပေါင်း ဆောင်ရွက်သွားမည့် မိတ်ဖက်အဖွဲ့အစည်းများမှာ (၁) The Wildfowl and Wetlands Trust (WWT)၊ (၂) UK Centre for Ecology & Hydrology (UKCEH)၊ (၃) မြန်မာ့ပတ်ဝန်းကျင်သိပ္ပံ (MEI) တို့မှ ပူးပေါင်း ပါဝင် လေ့လာ ဆောင်ရွက် သွားကြပါမည်။

## ရေရှည် ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်မည့်ရည်မှန်းချက်များနှင့် ဆက်စပ်မှုများ

ဤစီမံကိန်းသည် ၂၀၃၀ ခုနှစ်အထိ Sustainable Development Goals (SDG) အကောင်အထည်ဖော် ဆောင်ရွက်မည့် ရည်မှန်းချက်များ (SDG ၁၊ ၅၊ ၆၊ ၁၀၊ ၁၂ နှင့် ၁၅) တို့ကို ပံ့ပိုးဆောင်ရွက်ပေးမည် ဖြစ်ပါသည်။ အဆိုပြုရေးဆွဲထားသော ရေထု-မြေထု ဘက်စုံစီမံခန့်ခွဲမှု အခြေပြု (CAPs)၊ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်း စောင့်ရှောက်ရေးကို အဓိကထားဆောင်ရွက်ပြီး ရေရှည်တည်တံ့စေရေး အကောင်အထည်ဖော် ဆောင်ရွက်မည့် (SDG ၆ နှင့် ၁၅) တို့ကိုပါ ပံ့ပိုးပေးသွားမည် ဖြစ်ပါသည်။ ဤစီမံကိန်းတွင် ဖော်ပြထားသည့် လုပ်ငန်းဆောင်ရွက်ချက်များသည် အခန်းကဏ္ဍအသီးသီးတွင် ထိရောက်စွာ ရေအသုံးချမှု (SDG ၆.၄)၊ ဘက်စုံစီ မံခန့်ခွဲမှု (SDG ၆.၆)၊ ရေနှင့် ဆက်စပ်နေသော ဂေဟစနစ်များ (SDG ၆.၇) တို့ကို တိုးတက်လာအောင် ဆောင်ရွက် သွားပါမည်။ ခန္တီးမြို့နယ်အတွင်းနှင့် အနီးတဝိုက်ရှိ (KBAs) များတွင် ကာကွယ်ထိန်းသိမ်းရေးနှင့် ပြန်လည် ထူထောင်ရေး လုပ်ငန်းများ (SDG ၁၅.၁) ဆောင်ရွက်ခြင်း၊ တော/တောင်၊ သစ်တောများ ရေရှည်ထိန်းသိမ်းရေး လုပ်ငန်းများ (SDG ၁၅.၂၊ ၁၅.၄)၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် မျိုးသုန်းရန် အန္တရာယ်ရှိသော မျိုးစိတ်များကို ကာကွယ် ထိန်းသိမ်းနိုင်ရေးဦးတည် ဆောင်ရွက် နေမှုများ (SDG ၁၅.၅) တို့ကို ချိတ်ဆက် ဆောင်ရွက်သွားပါမည်။

## စီမံကိန်းအကြောင်းအရာ

မြန်မာနိုင်ငံ၊ ချင်းတွင်းမြစ်ဝှမ်း အထက်ပိုင်းဒေသသည် အဓိကအရေးပါသော ဇီဝမျိုးစုံမျိုးကွဲများ တည်ရှိနယ်မြေများ (KBAs) အဖြစ် လူသိများသည့် အင်ဒို - မြန်မာဒေသတွင် အဓိကအရေးပါသော ဇီဝမျိုးစုံမျိုးကွဲများ မှီတင်းနေထိုင်သည့် နေရာဒေသလည်း ဖြစ်ပါသည်။ ဥပမာအားဖြင့် ခန္တီးမြို့နယ်တွင် မျိုးသုန်းပျောက်ကွယ်ရန် အန္တရာယ်ရှိနေသည့် မြန်မာ့တိုက်လိပ် (*Batagur trivittata*)၊ ငါးမျိုးစိတ် တစ်မျိုးဖြစ်သည့် (*Puntius manipurensis*)၊ ဆူးတောင်ရိုးပျော့သော ငါးမျိုးစိတ်များ ဖြစ်သည့် *Schistura kangjupkhulensis* နှင့် *Schistura reticulata* (IUCN 2017) တို့အပါအဝင် ရေချိုမျိုးစိတ် (၃၈) မျိုးတို့ မှီတင်းကျက်စားရာ ဒေသရင်းလည်း ဖြစ်ပါသည်။ ခန္တီးမြို့နယ်တွင် အမျိုးသမီး (၁၈၂၀၁ ဦး) အပါအဝင် ဒေသခံလူဦးရေ စုစုပေါင်း (၃၆၈၁၉ ဦး)တို့သည် တနိုင်တပိုင် စပါးစိုက်ပျိုးခြင်းနှင့်ငါးဖမ်းလုပ်ကိုင်ခြင်းတို့ကို အဓိကထား လုပ်ကိုင်ကြပါသည်။ ဒေသခံတို့၏ ပရိုတင်းစားသုံးမှု (ရရှိမှု)၏ ၆၀ ရာခိုင်နှုန်း သည် ငါးစားသုံးခြင်းမှ ရရှိစေပြီး အဓိကအိမ်ထောင်စုဝင်ငွေ၏ ၈၀ ရာခိုင်နှုန်းသည်သဘာဝမှ ရရှိသော အရင်းအမြစ်များကို ရောင်းချ လုပ်ကိုင်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုလျှက်ရှိပါသည်။

၂၀၁၈ ခုနှစ်တွင် ချင်းတွင်းမြစ်ဝှမ်းဒေသတလျှောက်တွင် SEI မှ သုတေသနပြုလုပ်ကိုင်ဆောင်ရွက်မှုများ အနေဖြင့် ရေရှည်တည်တံ့မှု မရှိသော စိုက်နည်းစနစ်များအသုံးပြုခြင်းနှင့် ငါးအလွန်အကျွံဖမ်းဆီးခြင်း၊ စီးပွားဖြစ်သတ္တုတူးဖော်ရေးနှင့် သစ်ထုတ်လုပ်ခြင်းတို့အပါအဝင် ရေတိမ်ဒေသများ (Wetland) နှင့် ဂေဟစနစ်ဝန်ဆောင်မှုများကို ထိခိုက်စေသော အဓိက ခြိမ်းခြောက်နေသည့် အခြေခံအကြောင်းအရင်းများကို သုတေသနပြု လေ့လာဆောင်ရွက်ခဲ့ကြပါသည်။ ဤလေ့လာမှုများမှတဆင့် မြေအသုံးချမှုများပြားလာခြင်း၊ ဒေသခံတို့၏ အသက်မွေး ဝမ်းကျောင်းအတွက်ရွေးချယ်စရာ အခွင့်အလန်း နည်းပါးရခြင်း၊ ငါးဖမ်းဆီး ရရှိမှုများ လျော့နည်းလာခြင်း အစရှိသည့် အကြောင်းအရင်းများ၊ သက်ရှိသတ္တဝါများ ကျက်စား နေထိုင်နိုင်သည့် ရေတိမ်ဒေသများ လျော့နည်းလာခြင်း၊ ရေနေမျိုးစိတ်များ မျိုးသုန်းပျောက်ကွယ်မည့် အခြေအနေ ဖြစ်ပေါ်လာခြင်းအစရှိသော ဒေသတွင်း ဖြစ်ပေါ်နေသည့် အခြေအနေ၊ အကြောင်းအရာများကို လေ့လာတွေ့ရှိခဲ့ပါသည်။ ထို့အပြင် အထက်ချင်းတွင်း မြစ်ဝှမ်းဒေသတွင် အဓိကအရေးပါသော ဇီဝမျိုးစုံမျိုးကွဲများ တည်ရှိနယ်မြေများ (KBAs)ကို ဥပဒေဆိုင်ရာ တရားဝင် ကာကွယ်ပေးနိုင်မှု မရှိကြောင်းတို့ကိုလည်း လေ့လာတွေ့ရှိရပါသည်။




Political boundaries: MIMU (http://themimu.info/) land cover data : SERVIR-Mekong

ချင်းတွင်းမြစ်ဝှမ်းဒေသရှိ အဓိကအရေးပါသော ဇီဝမျိုးစုံမျိုးကွဲများ တည်ရှိ နယ်မြေများ (KBAs) ကိုကာကွယ်ခြင်း၊ ဒေသတွင်းရှိ ဇီဝမျိုးစိတ်များနှင့် ယင်းတို့၏ဂေဟစနစ်များကိုအနေအထားမပျက်ဆီးဘဲ ထိန်းသိမ်းခြင်းများ ပြုလုပ်နိုင်ရန် မြစ်ဝှမ်းဒေသရှိ ဒေသခံပြည်သူများအတွက် ယင်းတို့၏ ပတ်ဝန်းကျင်ကို ထိခိုက်မှုလျော့နည်းစေသော သင့်လျော် ကောင်းမွန်သော အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ပေးရန်လိုအပ်ပါသည်။ ရေတိမ်ဒေသဂေဟစနစ်များ သဘာဝတရားတွင် ဟန်ချက်ညီစွာနှင့် ကောင်းမွန်စွာလည်ပတ်နိုင်ရေးအတွက် လူမှု-ဂေဟစနစ်အကြောင်းအရာများကို အသိပညာပေးနိုင်ရန်၊ လက်ရှိအသုံးပြုနေသော ဆီလျော်မှန်ကန်မှုမရှိသည့် မြေထုနှင့် ရေထု စီမံခန့်ခွဲခြင်းဆိုင်ရာ အလေ့အထများကို ဖြေရှင်းဆောင်ရွက်ပေးရန်လည်းအရေးကြီးပါသည်။

ဤသုတေသန စီမံကိန်းသည် သဘာဝအရင်းအမြစ်များကို မည်ကဲ့သို့ ရေရှည်သုံးစွဲနိုင်ရေး၊ ရာသီဥတုဘေးဒဏ်ကြံ့ကြံ့ခံနိုင်သော ဂေဟစနစ်များနှင့် ဒေသတွင်း သင့်လျော်ကောင်းမွန်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပေါ်ပေါက် ဆောင်ရွက်ပေးနိုင်ရေးတို့ကို အရှိန် မြှင့်တင်ဆောင်ရွက်ပေးခြင်းအားဖြင့် SEIအဖွဲ့၏ ချမှတ်ထားသည့် မဟာဗျူဟာလုပ်ငန်းစဉ်များနှင့် ဆက်စပ်နေမှုများ ရှိပါသည်။

## ဆောင်ရွက်သွားမည့် လုပ်ငန်းများ

၁။ အသိပညာဗဟုသုတများအပေါ်အခြေခံ၍ အကျိုးကျေးဇူးများစွာရှိသည့် ဂေဟစနစ်ကောင်းတစ်ခု ဖြစ်ပေါ်လာစေရေး ကြိုးပမ်း ဆောင်ရွက်ခြင်း- ခန္တီးမြို့နယ် အတွင်း စီမံကိန်း ဆောင်ရွက်ရန် ရွေးချယ်ထားသော ကျေးရွာ များတွင် ဇီဝမျိုးစုံမျိုးကွဲနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာများကို အကဲဖြတ်ဆန်းစစ် လေ့လာရန်အတွက် Ramsar Rapid Assessment of Wetland Ecosystem Services (RAWES) ကို အသုံးပြုပါမည်။

၂။ ရပ်ရွာလူထုအခြေပြုသော ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအစီအစဉ်များ (CAPs)ကို အကောင်အထည် ဖော်ဆောင်ရွက်ခြင်း - ရပ်ရွာလူထုအခြေပြုသော ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအစီအစဉ်များ (CAPs)ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ဆင်းရဲနွမ်းပါးမှု လျော့ချနိုင်ရေးနှင့် ရေရှည်တည်တံ့သောအသက်မွေးဝမ်းကျောင်း လုပ်ငန်း အခွင့်အလန်းများ ဖြစ်ပေါ်နိုင်သည့် ချဉ်းကပ်မှုနည်းလမ်းများကို လိုက်နာဆောင်ရွက်သွားမည်။

၃။ ရေတိမ်ဒေသ (wetland) ကာကွယ်ဖို့များကို ထိန်းသိမ်းစောင့်ရှောက်မည့် အစီအစဉ်များ- ပြန်လည်ထူထောင်ရေးနှင့် ကာကွယ်ရေးဖို့များအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဇီဝ မျိုးစုံမျိုးကွဲ များနှင့် ဂေဟစနစ်ဝန်ဆောင်မှု အချက်အလက်များကို ရိုးရာဓလေ့အတွေးအခေါ်၊ ဗဟုသုတများ ဖြင့် ပေါင်းစပ် ဆောင်ရွက်ပါမည်။



ဓာတ်ပုံ- THANAPON PIMAN

## မျှော်မှန်းရလဒ်များ

၁။ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ရပ်ရွာလူထု အခြေပြုသော ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအစီအစဉ်များ (CAPs) အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်နိုင်ရေး သဘာဝမြေမျက်နှာပြင်ဆိုင်ရာအခြေအနေများ၊ ဂေဟစနစ် ဝန်ဆောင်မှု လုပ်ငန်းများ၊ ဇီဝမျိုးစုံမျိုးကွဲများ တည်ရှိကျက်စားရာ နေရာများ၊ ရေထု-မြေထု စီမံခန့်ခွဲမှုဆိုင်ရာ ဆက်စပ်နေသော လက်ရှိ အသက်မွေးဝမ်းကျောင်း လုပ်ငန်းတို့ကို အကဲဖြတ် သုတေသနပြုလေ့လာပါမည်။

၂။ စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျေးရွာ (၃) ရွာတွင် ရေထု-မြေထု ဂေဟစနစ် ဘက်စုံစီမံခန့်ခွဲရေးကို အဓိကထား၍ ရပ်ရွာလူထုအခြေပြုသော ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအစီအစဉ်များ (CAPs)ကို ဆောင်ရွက် သွားပါမည်။

၃။ မျိုးသုန်းပျောက်ကွယ်ရန် အန္တရာယ်ရှိနေသည့် မျိုးစိတ်များ၊ ဒေသခံတို့၏ အသက်မွေးဝမ်းကျောင်းအတွက် အဓိက အရေးပါသောမျိုးစိတ်များနှင့် ဇီဝမျိုးစိတ်များ ကျက်စားနေထိုင်သည့် နေရာဒေသများကို ပိုမိုကောင်းမွန် စေရန် သင့်တော်သော ဂေဟစနစ်နှင့် အညီ စီမံဆောင်ရွက်သွားပါမည်။

၄။ အထက်ချင်းတွင်းမြစ်ဝှမ်းဒေသတွင် ရပ်ရွာလူထု အခြေပြုသောဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအစီအစဉ်များ (CAPs) နှင့် ထိန်းသိမ်းကာကွယ်ရေးတို့ကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်နိုင်ရေးအတွက် မူဝါဒပိုင်းဆိုင်ရာ အကြံပြုတိုက်တွန်းချက်များကို ပံ့ပိုးဆောင်ရွက်ပေးသွားပါမည်။

၄။ ဇီဝမျိုးစုံမျိုးကွဲများ ကျက်စားနေထိုင်သည့် ဧရိယာများတွင် (CAPs) တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် မူဝါဒရေးရာ အကြံပြု ဆွေးနွေးချက်များ ရေးဆွဲခြင်း- ရပ်ရွာလူထုမှ ဦးဆောင်သော ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် မူဝါဒရေးရာ အကြံပြုချက်များကို ရေးဆွဲတင်ပြခြင်း၊ လေ့လာ တွေ့ရှိရသော သုတေသန ရလာဒ်များကို ဆွေးနွေးတင်ပြခြင်း တို့အတွက် သက်ဆိုင်သူ အသီးသီးနှင့် ဆွေးနွေးပွဲများ ပြုလုပ် သွားမည် ဖြစ်ပါသည်။ မူဝါဒစိုးမိုးရေးနှင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရေးအတွက် အသိပညာပေးရေးလုပ်ငန်းများနှင့် လက်တွေ့ဆောင်ရွက်မှု အစီအစဉ်များကိုပါ ဆောင်ရွက်သွား ပါမည်။ အဓိကရည်ရွယ်ချက် မှာ (CAPs) လုပ်ငန်းစဉ်များနှင့် အကောင်အထည်ဆောင်ရွက်မှုများကို တစ်နိုင်ငံလုံး အတိုင်း အတာအထိ ကျယ်ကျယ်ပြန့်ပြန့် တိုးမြှင့်ရန် ရည်ရွယ်ပါသည်။

## ဇီဝမျိုးစုံမျိုးကွဲများအကြောင်း အသိပညာပေး တိုးချဲ့ဆောင်ရွက်ခြင်း

အဓိက ရည်ရွယ်သည့် အုပ်စု (၂) စုမှာ

(၁) အထက်ချင်းတွင်းမြစ်ဝှမ်းဒေသရှိ ဒေသခံရပ်ရွာလူထု

(၂) သက်ဆိုင်ရာ အစိုးရဌာနဆိုင်ရာ တို့နှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊ အသိပညာ ဗဟုသုတများ နှီးနှောဖလှယ်ခြင်းတို့ကို အလေးထား ဆောင်ရွက်ပါမည်။

ဇီဝမျိုးစုံမျိုးကွဲများ ကာကွယ်ထိန်းသိမ်းနိုင်ရန် ဤစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ဒေသတွင်း ရေထု-မြေထုစနစ် ပိုမိုကောင်းမွန်လာစေရေး ဘက်စုံနည်းလမ်းများကို လက်တွေ့ကျင့်သုံး ဆောင်ရွက်ခြင်း အားဖြင့် ဖွံ့ဖြိုး တိုးတက်ရေး ဆောင်ရွက်မည့် နေရာဒေသတဝိုက်တွင် မူဝါဒဆိုင်ရာ လုပ်ငန်းစဉ်များကိုလည်း ဆောင်ရွက်သွားရန် ရည်ရွယ်ပါသည်။



သတ္တုတူးဖော်ရေး၊ ဆက်သွယ်ရေးလမ်းများ၊ သစ်ထုတ်လုပ်ရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းချဲ့ထွင်မှုများကြောင့် ချင်းတွင်းမြစ်ဝှမ်းဒေသတွင် ဇီဝမျိုးစုံမျိုးကွဲများကြွယ်ဝသော နေရပ်ရင်းဒေသများသည် အရည်အသွေး သာမက အရေအတွက်များပါ လျော့နည်းပျက်ဆီးလာခြင်း

ဒေသတွင်း ဇီဝမျိုးစုံမျိုးကွဲများ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အခက်အခဲများ၊ ပတ်သက် ဆက်နွယ်မှုများကို ဖော်ပြသည့် သတင်းအချက်အလက်များကို ရေးသားတင်ပြပါမည်။ ပြည်ထောင်စုအဆင့်/ ပြည်နယ်၊ တိုင်း အဆင့်အလိုက် ဌာနဆိုင်ရာအဖွဲ့အစည်းများ တစ်ခုချင်းစီ အလိုက် ဆွေးနွေးပွဲများ၊ အုပ်စုလိုက် ဆွေးနွေး ညှိနှိုင်းမှု များ၊ မွမ်းမံသင်တန်းများ၊ တစ်ဦးချင်း/ဌာနတစ်ခုစီ အလိုက် လူမှု-ဂေဟာစနစ်များ စီမံခန့်ခွဲရေး နည်းလမ်းများ ကို ဆွေးနွေး၊ စေ့စပ်ညှိနှိုင်း ဆောင်ရွက် သွားပါမည်။

ထို့အပြင် ဤစီမံကိန်းမှ အကျိုးရလာဒ်များ၊ လမ်းညွှန်ချက်များ၊ မူဝါဒရေးရာ အကြံပြု တိုက်တွန်းချက်များကို ပြည်တွင်းနှင့် နိုင်ငံတကာဆိုင်ရာ ဆွေးနွေးပွဲများ၊ မြန်မာနိုင်ငံအတွင်း သာမက အာဆီယံနိုင်ငံများအထိ ထိန်းသိမ်းဆောင်ရွက်မှု များ ပြုလုပ်နေသည့် အဖွဲ့အစည်းများ၊ နှစ်ဦး နှစ်ဖက် သာမက ဘက်ပေါင်းစုံပါဝင်သော အဖွဲ့အစည်းများ အထိ အပြန်အလှန် ဆွေးနွေး ဆောင်ရွက်မှုများ ပြုလုပ်သွားပါမည်။

## စွမ်းဆောင်ရည်မြှင့်တင်ခြင်း

စွမ်းဆောင်ရည်များ မြှင့်တင်ခြင်းနှင့် မွမ်းမံသင်တန်းများကို သက်ဆိုင်သည့် အလွှာအသီးသီးမှ ဒေသခံအဖွဲ့အစည်းများ၊ တောင်သူလယ်သမားများ၊ မြို့နယ်များရှိ ကျေးရွာများ၊ အိမ်ထောင်ဦးစီးများ၊ ဌာနဆိုင်ရာ အဖွဲ့အစည်းများ အတွက် ဆောင်ရွက် ပေးသွားပါမည်။ ထို့အပြင် မုံရွာတက္ကသိုလ် မှ ကျောင်းသူ၊ ကျောင်းသားများကိုလည်း ဂေဟာစနစ်ဝန်ဆောင်မှုများ စစ်တမ်းကောက်ယူမှုမှသည် ရပ်ရွာအခြေပြု ဖွံ့ဖြိုးရေးလုပ်ငန်းများ လက်တွေ့ ဆောင်ရွက်သည်အထိ အတူ ဖိတ်ခေါ် ပူးပေါင်း ဆောင်ရွက်သွားကြမည် ဖြစ်ပါသည်။

## ကျား၊ မ တန်းတူအခွင့်အရေး

အခြား အရှေ့တောင်အာရှနိုင်ငံများကဲ့သို့ မြန်မာနိုင်ငံရှိ အမျိုးသမီး များသည်လည်း အရေးကြီးဆုံးဖြတ်ချက် ချမှတ်ရာတွင် ကိုယ်စားပြု ဆုံးဖြတ်နိုင်စွမ်း မရှိခြင်း၊ သဘာဝ အရင်းအမြစ်များ ရယူသုံးစွဲ ရာတွင် ကန့်သတ်ခံရမှုများ၊ ထိန်းချုပ်ခံ ရမှုများရှိခြင်းနှင့် ဝင်ငွေရရှိနိုင်သည့် အလုပ်အကိုင် အခွင့်အလန်းနည်းပါးခြင်း တို့ကို ကြုံတွေ့ရပါသည်။ ဤစီမံကိန်းသည် ယဉ်ကျေးမှု မတူ ကွာဟထိခိုက်နိုင်ခြေရှိမှု ဆန်းစစ်ချက်များနှင့်တကွ အမျိုးသမီးများ ပါဝင်လာမှု ပိုမိုအားကောင်းလာစေရန်နှင့် တန်းတူအခွင့်အရေး ရရှိစေရန် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

## ပြောင်းလဲရန် လမ်းကြောင်းများ

ဤစီမံကိန်းသည် ရေတိမ်ဒေသများ (wetland) ပြန်လည်ထူထောင် ကောင်းမွန်ရေးနှင့် တိုက်ရိုက် (သို့မဟုတ်) သွယ်ဝိုက်သော ခြိမ်းခြောက်နေမှု အခြေအနေများကို ကျော်လွှန်ပြီး ရေရှည်ကောင်းကျိုးများ ရရှိစေနိုင်သော အသက်မွေးဝမ်းကျောင်း လုပ်ငန်းများအသွင် ကူးပြောင်း လာစေရေးတို့အတွက် ထိရောက်သော ဒေသတွင်း ဆောင်ရွက်မှုများ ကို အကြိမ်ကြိမ် လက်တွေ့ပြ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။



မြန်မာနိုင်ငံသည် မျိုးသုန်းပျောက်ကွယ်ရန် အလားအလာရှိသည့် ငှက်မျိုးစိတ်ပေါင်း (၄၆) မျိုးတို့၏ (IUCN) ကျက်စားစုဝေရာ ဒေသရင်း ဖြစ်ပါသည်။

စီမံကိန်း အကောင်အထည် ဖော်ဆောင်ရွက်မှုများသည် စီးပွားရေးဆိုင်ရာနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ကောင်းကျိုးများ ရေရှည်၊ တိုက်ရိုက် ရရှိစေနိုင်မည့် ဒေသခံများအတွက် အကျိုးကျေးဇူးရရှိစေနိုင်မှုများကို ဖန်တီး ပေးနိုင်သည့် မြေထု-ရေထု အရင်းအမြစ်များကို ရေရှည်အသုံးပြုနိုင်မှု မရှိသည့် အခြေအနေများကို ဖြစ်ပေါ် စေသည့် ခြိမ်းခြောက်မှုများကို ဖြေရှင်းဆောင်ရွက် ပေးနိုင်ရန် ရည်ရွယ်ပါသည်။ ရပ်ရွာလူထု အခြေပြုသော ဖွံ့ဖြိုး တိုးတက်ရေး အစီအစဥ်များကို (CAPs) မူဝါဒရေးရာနှင့် ဆုံးဖြတ်ချက်ချမှတ်မှုများ ပြုလုပ်နိုင်ရေးတွင် ဒေသတွင်း ရပ်ရွာလူထုအခြေပြုသော ဘက်စုံကာကွယ် ထိန်းသိမ်းရေးအစီအစဥ်များဖြင့် လက်တွေ့သရုပ်ပြ ဆောင်ရွက် သွားနိုင်မည် ဖြစ်ပါသည်။

---

**Stockholm Environment Institute မှ စီစဥ်ထုတ်ဝေ ပါသည်။**


**စီမံကိန်းဆိုင်ရာ ဆက်သွယ်ရန်** - thanapon.piman@sei.org

**မီဒီယာဆိုင်ရာ ဆက်သွယ်ရန်** - rajesh.daniel@sei.org


sei.org ဝက်ဘ်ဆိုက်စာမျက်နှာနှင့် တွစ်တာစာမျက်နှာ @SEIresearch @SEIclimate တို့တွင်လည်း ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။

**Stockholm Environment Institute( SEI)** သည် သဘာဝ ပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးရေးဆိုင်ရာ စိန်ခေါ်ချက်များကို တုံ့ပြန် ဖြေရှင်းဆောင်ရွက်နေသည့် နိုင်ငံတကာ အကျိုးအမြတ် မဟုတ် သောသုတေသနနှင့်မူဝါဒဆိုင်ရာ အဖွဲ့အစည်း ဖြစ်ပါသည်။

ကျွန်ုပ်တို့သည် အားလုံးအတွက် ရေရှည်တည်တံ့ခိုင်မြဲသော အနာဂတ်တခုဖြစ်ပေါ်လာစေရန် ဆုံးဖြတ်ချက်ချမှတ်မှုများနှင့် သိပ္ပံပညာအကြား ပေါင်းကူးပေးသည်။ နီးကပ်စွာ ပူးပေါင်း ဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းများကိုဆောင်ရွက်ပြီး သက်ဆိုင်သူ များအားလုံး ပူးပေါင်းပါဝင်လာနိုင်ရေးသည် မိမိတို့နှင့် အတူ ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်နေသည့် အဖွဲ့အစည်းများ၊ မိတ်ဖက် အဖွဲ့များ ပိုမိုအားကောင်းလာစေရန် ဆောင်ရွက်ချက်များ၏ အခရာဖြစ်သည်။

ကျွန်ုပ်တို့၏ လုပ်ငန်းဆောင်ရွက်ချက်များတွင် ရာသီဥတု၊ ရေထု၊ လေထု၊ မြေယာအသုံးပြုမှုများ၊ စီမံအုပ်ချုပ်မှုကဏ္ဍတွင် ခိုင်မာသည့် အထောက်အထားများနှင့် အမြင်များ ပေါင်းစပ် ပါဝင်နိုင်ရေး၊ စီးပွားရေး၊ ကျားမရေးရာနှင့် ကျန်းမာရေး ကဏ္ဍများ ပါဝင်သည်။

ဥရောပ၊ အာရှ၊ အာဖရိကနှင့် အမေရိကတို့တွင် ကျွန်ုပ်တို့၏ စင်တာ ၈ ခုတည်ရှိပြီး မူဝါဒရေးရာ လုပ်ငန်းစဥ်များ၊ ကမ္ဘာ တဝန်းရှိ ဖွံ့ဖြိုးရေး လုပ်ငန်းစဥ်များနှင့် စီးပွားရေးဆိုင်ရာ အမူအကျင့်များတွင်လည်း ပိုမိုတိုးတက်ကောင်းမွန်လာစေရန် ထိတွေ့ဆက်ဆံဆောင်ရွက်လျက်ရှိသည်။